## ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ

## အကြံပေးကုမ္ပဏီ (Consulting Firm) ခေါ်ယူရွေးချယ်ပြီးစီးမှုအား သတင်းထုတ်ပြန်ခြင်း

၁။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုအဆင့်(၄)ဆင့်ဖြင့် စနစ်တကျအစီအစဉ်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ဒုတိယအဆင့်ဖြစ်သည့် အကြံပေးကုမ္ပဏီ (Consulting Firm) အား အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်ကို ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ အထိ ဆောင်ရွက်ပြီးဖြစ်ပါသည်။ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ

(က) အထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့မှ ဝန်ကြီး၊ ဒုဝန်ကြီးများ။

(ခ) ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင်များ။

(ဂ) ကျောက်ဖြူအထူးစီးပွားရေးဇုန် လေ့လာစောင့်ကြည့်ရေးဆိုင်ရာ ရခိုင်ဒေသခံ လူထုအခြေပြု အဖွဲ့အစည်းများမှ တတ်သိနားလည်သော resource person များဖြင့်

ဖွဲ့စည်းထားသည့် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ BEAC (Bid Evaluation and Awarding Committee) မှ တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ် အဆင့်ဆင့်တိုင်းကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့ပါသည်။

၂။ အကြံပေးကုမ္ပဏီ (Consulting Firm) အား အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်အရ စိတ်ဝင်စားမှုဖော်ပြလွှာ Expression of Interest (EOI) ဖိတ်ခေါ်သည့် စက်တင်ဘာလ (၈) ရက်နေ့ အင်းယားလိတ် ဟိုတယ်တွင် ပြုလုပ်ခဲ့aom (Launching Ceremony) မှစတင်ကာ နိုင်ငံတကာမှအကြံပေးကုမ္ပဏီ (Consulting Firm) အား ဖိတ်ခေါ်ခဲ့ရာ အကြံပေးကုမ္ပဏီ (Consulting Firm) အုပ်စု (၃၁) အုပ်စု စိတ်ဝင်စားကြောင်းဖော်ပြခဲ့ကြပါသည်။ ယင်းတို့အားလုံးကို တင်ဒါအဆိုပြုလွှာများတင်ရန် ဖိတ်ခေါ်ခဲ့ရာ အကြံပေးကုမ္ပဏီ (၁၇) အုပ်စုပြိုင်ခဲ့ကြပြီး ယင်းတို့တင်သွင်းလာသော နည်းပညာနှင့် ငွေကြေးအဆိုပြုလွှာများကို BEAC အဖွဲ့ဝင်များက အဆင့်ဆင့်စိစစ်ကာ အထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စင်ကာပူနိုင်ငံအခြေစိုက် CPG (Creative Professional Groups) အကြံပေးကုမ္ပဏီအုပ်စုအား ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရင်းနှီးတည်ဆောက်သူ (Developer) များ အိတ်ဖွင့်တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်အတွက် အကြံပေးဝန်ဆောင်မှုပေးရန် ရွေးချယ်ခြင်းခံရသော အကြံပေးကုမ္ပဏီအုပ်စုအဖြစ် ရွေးချယ်ပြီး အရန်အဖြစ် ရွေးချယ်ထားသော အကြံပေးကုမ္ပဏီမှာ KPMG ကုမ္ပဏီဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။